# ပြည်ထောင်စုတရားလွှတ်တော်ချုပ်

## ၂၀၁၈ ခုနှစ်၊ တရားမအယူခံမှုအမှတ် ၁၇၃

၂၀၁၆ ခုနှစ်၊ တရားမပထမအယူခံမှုအမှတ် ၁၂၂ တွင် ချမှတ်သော ၂၀၁၇ ခုနှစ်၊ အောက်တိုဘာလ ၃၁ ရက်စွဲပါ ရန်ကုန်တိုင်းဒေသကြီးတရားလွှတ်တော်၏ စီရင်ချက်နှင့်ဒီကရီအပေါ် တင်သွင်းသော အယူခံမှု

| | | |
|---|---|---|
| ၁။ ဦးလွင်ဋ္ဌေးမောင် | နှင့် | အနော်ရထာကုမ္ပဏီလီမိတက် |
| ၂။ ဒေါ်သီတာ | | (၎င်း၏ကိုယ်စား တိုင်းတာဝန်ခံဦးသိန်းလှိုင်) |
| **အယူခံတရားလိုများ** | | **အယူခံတရားပြိုင်** |

အယူခံတရားလိုများအတွက် - **ဦးတင်ထွန်း၊ တရားလွှတ်တော်ရှေ့နေ**
အယူခံတရားပြိုင်အတွက် - **ဒေါ်ချိုချိုဝင်း၊ တရားလွှတ်တော်ရှေ့နေ**

### စီရင်ချက်

ရက်စွဲ၊ ၂၀၁၉ ခုနှစ်၊ ဇန်နဝါရီလ ၂၅ ရက်

ရန်ကုန်~~အနောက်ဒဂုံ~~တောင်ပိုင်းခရိုင်တရားရုံး၊ ၂၀၁၁ ခုနှစ်၊ တရားမကြီးမှုအမှတ် ၁၆၀ တွင် အနော်ရထာကုမ္ပဏီလီမိတက် (၎င်း၏ကိုယ်စား တိုင်းတာဝန်ခံဦးသိန်းလှိုင်) က ဦးလွင်ဋ္ဌေးမောင် ပါ - ၂ ဦးအပေါ် စိုက်ပျိုးရေးဆေးများ ရောင်းချပေးရန် တရားပြိုင်ထံ အပ်နှံထားသည့်ပစ္စည်းဖိုး ကြွေးကျန်ငွေကျပ် ၁၅၁၁၃၁၀၀/- ရလိုမှုစွဲဆိုရာ တရားလိုစွဲဆိုသည့်အတိုင်း ဒီကရီချမှတ်သည်။ ယင်းစီရင်ချက် နှင့် ဒီကရီအပေါ် ဦးလွင်ဋ္ဌေးမောင် ပါ - ၂ ဦးက ရန်ကုန်တိုင်းဒေသကြီး တရားလွှတ်တော်သို့ ၂၀၁၆ ခုနှစ်၊ တရားမပထမအယူခံမှုအမှတ် ၁၂၂ ဖြင့် အယူခံတင်သွင်းရာ အောင်မြင်မှုမရရှိသဖြင့် ပြည်ထောင်စုတရားလွှတ်တော်ချုပ်သို့ ဤအယူခံမှုကို တင်သွင်းခြင်း ဖြစ်သည်။

ဆိုလွှာတွင် အနော်ရထာစိုက်ပျိုးရေးဆေးထုတ်လုပ်ဖြန့်ဖြူးရေးကုမ္ပဏီလီမိတက် သည် စိုက်ပျိုးရေးဆေးနှင့် မြေဆီများကို ထုတ်လုပ်ဖြန့်ချိရောင်းချကြောင်း၊ တရားပြိုင်တို့သည် ၂၀၀၃ - ၂၀၀၄ ခုနှစ်ကတည်းက တရားလိုကုမ္ပဏီ၏ အရောင်းကိုယ်စားလှယ်ဖြစ်ကြောင်း၊ ၂၀၀၇ - ၂၀၀၈ ခုနှစ် စိုက်ပျိုးရေးရာသီချိန်တွင် တရားပြိုင်များသည် တရားလိုကုမ္ပဏီမှ စိုက်ပျိုးရေး

ဆေးများ ငွေကျပ် ၇၈၇၆၁၆၅၀/- ဖိုးရယူရောင်းချခဲ့ပြီး မရောင်းရသေးသည့် ငွေကျပ် ၃၃၀၁၆၄၇၀/ - တန်ဖိုးရှိဆေးများကို ပြန်လည်အပ်နှံခဲ့သဖြင့် တရားလိုကုမ္ပဏီသို့ ပေးသွင်းရန် ငွေကျပ် ၄၅၇၄၅၁၈၀/- ကျန်ရှိခဲ့ကြောင်း၊ တရားပြိုင်များက ငွေကျပ် ၈၀၉၀၀၀၀/- ကို တရားပြိုင်များ၏တစ်ဆင့်ခံ ကိုယ်စားလှယ်ဦးလှဟန်က ငွေကျပ် ၂၀၀၇၉၀၁၀ /- ပေးသွင်းခဲ့ သဖြင့် တရားပြိုင်များက ငွေကျပ် ၁၅၁၁၃၁၀၀/- ပေးသွင်းရန် ကျန်ရှိကြောင်း၊ အဆိုပါ ကျန်ငွေ ကို ရှေ့နေမှတစ်ဆင့် အကြောင်းကြားစာ ပေးပို့တောင်းခံခဲ့သော်လည်း မရရှိသဖြင့် တရားစွဲ ကြောင်း အဆိုပြုသည်။

ချေလွှာတွင် ၂၀၀၇- ၂၀၀၈ ခုနှစ် စိုက်ပျိုးရာသီ၌ ငွေ ၆၃၉၇၂၆၅ / - ကျပ် တန်ဖိုးရှိ စိုက်ပျိုးရေးဆေးများကို တရားလိုကုမ္ပဏီမှ ရယူရောင်းချခဲ့ကြောင်း၊ ငွေကျပ် ၃၃၀၁၆၄၇၀/- တန်ဖိုးရှိ လက်ကျန်စိုက်ပျိုးရေးဆေးများကို တရားလိုကုမ္ပဏီသို့ ပြန်လည်အပ်နှံခဲ့သဖြင့် ငွေကျပ် ၃၀၉၅၆၁၈၀ /- ကိုသာ တရားပြိုင်များက ပေးသွင်းရန်ကျန်ရှိကြောင်း၊ ထိုပေးသွင်းရမည့်ငွေများ အနက် တရားပြိုင်များက ငွေကျပ် ၆၈၉၀၀၀၀/- ကိုလည်းကောင်း၊ တရားပြိုင်များ၏တစ်ဆင့်ခံ ကိုယ်စားလှယ်ဦးလှဟန်က ငွေကျပ် ၂၀၀၇၉၀၁၀ /- ကိုလည်းကောင်း တရားလိုကုမ္ပဏီသို့ အသီးသီးပေးသွင်းခဲ့ရသဖြင့် စုစုပေါင်း ဆေးဖိုးငွေကျပ် ၂၈၁၆၉၀၁၀/- ကို တရားပြိုင်များက ပေးသွင်းခဲ့ပြီးဖြစ်သဖြင့် ဆေးဖိုးငွေကျပ် ၂၇၈၇၁၇၀/- သာကျန်ရှိပါကြောင်း၊ တရားပြိုင်များ ပေးသွင်းခဲ့သောငွေနှင့် ဒေါ်ရင်မြပေးသွင်းခဲ့သောငွေနှစ်ရပ်ပေါင်းကျပ် ၈၀၉၀၀၀၀/- အပေါ်တွင် တရားပြိုင်များက ကိုယ်စားလှယ်ကြေးငွေကျပ် ၁၈၆၀၇၀၀/- ရရှိကြောင်း၊ တရားပြိုင်များ၏ တစ်ဆင့်ခံကိုယ်စားလှယ် ဦးလှဟန်ပေးသွင်းခဲ့သော ငွေအပေါ်တွင် တရားပြိုင်များက ကိုယ်စားလှယ်ကြေးငွေကျပ် ၆၀၂၃၇၀ /- ရရှိကြောင်း၊ အဆိုပါကိုယ်စားလှယ်ကြေးနှစ်ရပ်ပေါင်း ငွေကျပ် ၂၄၆၃၀၇၀ /- ကို နုတ်ပယ်ပါက ငွေကျပ် ၃၂၄၁၀၀/- ကိုသာ တရားပြိုင်များက တရားလို ကုမ္ပဏီသို့ပေးရန် ကျန်ရှိတော့ကြောင်း၊ တရားပြိုင်များဝယ်ယူခဲ့သော ဆေးပစ္စည်းဘောက်ချာ များမှာ ၂၂ စောင်မဟုတ်ဘဲ ၁၃ စောင်သာဖြစ်ကြောင်း၊ အမှုမှာ ကာလစည်းကမ်းသတ်ကျော်လွန် နေကြောင်းချေပသည်။

ရန်ကုန်တောင်ပိုင်းခရိုင်တရားရုံးက ငြင်းချက် ၃ ရပ်ထုတ်နုတ်ကာ ပဏာမ ငြင်းချက်နှင့်စပ်လျဉ်း၍ ကာလစည်းကမ်းသတ်ကျော်လွန်နေသည်မှာ မှန်ကြောင်းဖြေဆို၍ တရားလို၏ အဆိုလွှာကို ပလပ်ခဲ့သည်။ ရန်ကုန်တိုင်းဒေသကြီးတရားလွှတ်တော်၏ ၂၀၁၂ ခုနှစ်၊ တရားမပထမအယူခံမှုအမှတ် ၂၅၆ တွင် ရန်ကုန်တောင်ပိုင်းခရိုင်တရားရုံး၏ စီရင်ချက်နှင့် ဒီကရီကို ပယ်ဖျက်ပြီး ကာလစည်းကမ်းသတ်ကျော်လွန်သည်ဆိုခြင်းမှာ မမှန်ကြောင်း ဖြေဆို၍ ကျန်ငြင်းချက်များကို ဥပဒေနှင့်အညီ ဆက်လက်စစ်ဆေးရန် ညွှန်ကြားသည့်အမိန့်အရ အမှုကို ဆက်လက်စစ်ဆေးကာ တရားပြိုင်များသည် တရားလို အနော်ရထာကုမ္ပဏီလီမိတက်သို့ စိုက်ပျိုးရေးဆေးဖိုးငွေကျပ် ၁၅၁၁၃၁၀၀/- ပေးသွင်းရန် ကျန်ရှိသည်မှာ မှန်ကြောင်း၊ တရားလို သည် တောင်းဆိုသည့် ပစ္စည်းဖိုးကြွေးကျန်ငွေကျပ် ၁၅၁၁၃၁၀၀/- ကို ရထိုက်ကြောင်း ဒီကရီ ချမှတ်ခဲ့သည်။

ရန်ကုန်တိုင်းဒေသကြီးတရားလွှတ်တော်က မူလရုံးတရားပြိုင်တို့က တရားလို ကုမ္ပဏီမှ သက်သေခံ (ဂ) မှ (ဂ - ၂၁) ထိပြေစာ (၂၂) စောင်ဖြင့် ပစ္စည်းပို့သည်ကို ပြေစာ (၁၃) စောင်

ဖြင့် ပစ္စည်းကိုသာ လက်ခံရရှိကြောင်း ချေပကာ သက်သေခံ (၇) စာရင်းစာအုပ်ကို တင်ပြသော်လည်း သက်သေခံ (၇) မှာ လုပ်ငန်းလုပ်ကိုင်ဆောင်ရွက်ရာ၌ အစဉ်မပြတ်ရေးမှတ်မြဲဖြစ်သော စာရင်းစာအုပ်ဖြစ်သည်ဟု လက်ခံရန်ခဲယဉ်းကြောင်း၊ မူလရုံးမှ နှစ်ဖက်သက်သေခံအထောက်အထားတို့အပေါ် နှိုင်းယှဉ်ချိန်ဆ၍ ချမှတ်ခဲ့သည့် ဒီကရီအား ဆက်လက်အတည်ပြုရန်သာပေါ်ပေါက်သည်ဟု သုံးသပ်၍ မူလခရိုင်တရားရုံး၏ စီရင်ချက်နှင့်ဒီကရီကို အတည်ပြုသည်။

အယူခံတရားလိုများ၏ တရားလွှတ်တော်ရှေ့နေက တရားလိုကုမ္ပဏီမှတင်ပြသည့် သက်သေခံ (ဂ) မှ (ဂ - ၂၁) စာမှတ်စာတမ်းတွင် ဆေးပစ္စည်းများလက်ခံရရှိကြောင်း တရားပြိုင်များက လက်မှတ်ရေးထိုးထားခြင်းမရှိသည့်အပြင် စာရင်းစာအုပ်မဟုတ်ဘဲ စာရွက်အလွတ်ပေါ်တွင်ရေးသားထားသော စာရင်းစာရွက်များဖြစ်၍ သက်သေခံအက်ဥပဒေပုဒ်မ ၃၄ နှင့် အကျုံးဝင်သော စာမှတ်စာတမ်းမဟုတ်ကြောင်း၊ တရားပြိုင်များသည် တရားလိုကုမ္ပဏီထံမှ သက်သေခံ (၇) စာရင်းစာအုပ်တွင် စာရင်းရေးသွင်းထားသည့် (၁၃) ကြိမ်သာဆေးပစ္စည်းများလက်ခံရရှိကြောင်း၊ ကုမ္ပဏီဘက်မှ တင်ပြထားသော သက်သေခံ (ဃ) မှ (ဃ - ၃) အထိ ကုမ္ပဏီမှ ရရန်ငွေစာရင်းရှင်းတမ်းဟူသည့်စာရင်းဇယား (၄) စောင်မှာ တရားလိုနှင့်တရားပြိုင်စာရင်းရှင်းလင်းထားသော စာရင်းရှင်းတမ်းမဟုတ်ဘဲ ကုမ္ပဏီတာဝန်ခံဦးသိန်းလှိုင် တစ်ဖက်သတ်ရေးဆွဲထားခြင်းဖြစ်ကြောင်း၊ တရားလိုကုမ္ပဏီအနေဖြင့် တရားပြိုင်များက သက်သေခံ (ဂ) မှ (ဂ - ၂၁) ပါ ဆေးပစ္စည်းများ ကို လက်ခံရယူထားကြောင်း သက်သေထင်ရှားပြသနိုင်ခြင်းမရှိသဖြင့် ဒီကရီမရထိုက်ကြောင်း၊ တရားပြိုင်များက ဝန်ခံထားသည့်ငွေကျပ် ၃၂၄၁၀၀/- ကိုသာ ပေးစေသင့်ကြောင်း လျှောက်လဲတင်ပြသည်။

အယူခံတရားပြိုင်၏ တရားလွှတ်တော်ရှေ့နေကမူလရုံးအမှုတွဲပါ သက်သေခံချက်များအရ သက်သေခံ (ဂ) မှ (ဂ - ၂၁) ထိ ဘောက်ချာများဖြင့် ကုန်ပစ္စည်းများငွေကျပ် ၇၈၇၆၁၆၅၀/- ဖိုးကို တရားပြိုင်များက လက်ခံရယူထားကြောင်းနှင့် သက်သေခံ (ဃ) စာရင်းရှင်းတမ်းအရ တရားပြိုင်များသည် တရားလိုကုမ္ပဏီထံ ပစ္စည်းဖိုးငွေကျပ် ၁၅၁၁၃၁၀၀/- ပေးရန် ကျန်ရှိသည်မှာ ပေါ်ပေါက်ကြောင်း၊ မူလရုံးနှင့်ရန်ကုန်တိုင်းဒေသကြီးတရားလွှတ်တော်တို့က တရားလိုတောင်းဆိုသည့်အတိုင်း ဒီကရီချမှတ်ခြင်းမှာ မူလရုံးအမှုတွဲပါ သက်သေခံချက်များအပေါ် ဥပဒေနှင့်အညီ ဆုံးဖြတ်ထားခြင်းဖြစ်၍ ဆက်လက်အတည်ပြုသင့်ပါကြောင်း လျှောက်လဲတင်ပြသည်။

မူလရုံးအမှုတွဲတွင် တရားလိုကုမ္ပဏီက တရားပြိုင်တို့၏ ဒို့ရွာသားစိုက်ပျိုးရေးဆေးပစ္စည်းဆိုင်သို့ ၂၀၀၇ - ၂၀၀၈ ခုနှစ်အတွက် စိုက်ပျိုးရေးဆေးပစ္စည်းများအပ်နှံရောင်းချစေရာတွင် ဆေးပစ္စည်းများတန်ဖိုးစုစုပေါင်းမှာ ငွေကျပ် ၇၈၇၆၁၆၅၀ / - ဖြစ်ကြောင်း အဆိုပြုထွက်ဆိုပြီး ကုန်ပစ္စည်းများပေးပို့သည့် ဘောက်ချာ (၂၂) စောင်ကို သက်သေခံ (က) မှ (က - ၂၁) အထိ တင်သွင်းသည်။

ထိုဘောက်ချာများတွင် ရောင်းချသူနေရာ၌ ကုမ္ပဏီ၏တာဝန်ခံဦးသိန်းလှိုင်နှင့် အသိသက်သေအဖြစ် ကုမ္ပဏီဝန်ထမ်းဦးဇော်နိုင် (လိုပြ - ၁) တို့ လက်မှတ်ရေးထိုးထားကြပြီး တရားပြိုင်များ၏ဆေးဆိုင်သို့ ကုမ္ပဏီမှ ဆေးပစ္စည်းများပေးပို့ရာတွင် သက်သေခံ ဘောက်ချာ (၂၂) စောင်ပါ စာရင်းအတိုင်း ဆေးပစ္စည်းများကို ပေးပို့ကြောင်း၊ ပေးပို့သည့်ပစ္စည်းများအတွက်

ဦးသိန်းလှိုင်က ဘောက်ချာဖွင့်ပေးကြောင်း တရားလိုပြသက်သေများဖြစ်သည့် ဦးဇော်နိုင်၊ မမြင့်မြင့်မော်၊ ဒေါ်ရင်ရင်မြ၊ ဦးဝင်းမြင့်၊ ဦးလှဟန်၊ ပြည့်ဖြိုးအောင်၊ ဦးသန်းရွှေတို့က တရားလိုအား ထောက်ခံထွက်ဆိုသည်။

တရားပြိုင်တို့က တရားလိုပေးပို့သည့် ဆေးပစ္စည်းများကို ပြေစာ (၁၃) စောင်ပါ ပစ္စည်းများကိုသာ လက်ခံရရှိကြောင်း ချေပထွက်ဆိုပြီး ၎င်းတို့လက်ခံရရှိသည့် ပစ္စည်းစာရင်းကို သက်သေခံ (၇) ဖြင့် တင်ပြသည်။ သက်သေခံ (၇) စာရင်းစာအုပ်တွင် တရားလိုကုမ္ပဏီမှ ပေးပို့သည့် ပစ္စည်းစာရင်းတစ်မျိုးတည်းကိုသာ ရေးမှတ်ဖော်ပြထားပြီး လက်ခံရရှိသည့်ပစ္စည်းရောင်းရသည့်ပစ္စည်း၊ မရောင်းရ၍ ပြန်အပ်သည့်ပစ္စည်း၊ ရောင်းရသည့်ငွေ၊ ကုမ္ပဏီသို့ ပေးသွင်းငွေ၊ ပေးသွင်းရန် ကျန်ငွေစသည်ဖြင့် စနစ်တကျရေးသွင်းဖော်ပြထားခြင်းမရှိသဖြင့် သက်သေခံဥပဒေ ပုဒ်မ ၃၄ အရ လုံလောက်သော သက်သေခံချက်မဟုတ်ဟု ကောက်ယူရပေမည်။

တရားပြိုင်တို့က မရောင်းရသည့် ဆေးပစ္စည်းများ ငွေကျပ် ၃၃၀၁၆၄၇၀ /- ဖိုးကို တရားလိုကုမ္ပဏီသို့ ပြန်လည်အပ်နှံခြင်း၊ ဆေးဖိုးရောင်းရငွေကျပ် ၈၀၉၀၀၀၀/- ကို ကုမ္ပဏီသို့ ပေးသွင်းခြင်း၊ တစ်ဆင့်ကိုယ်စားလှယ်ဦးလှဟန်မှတစ်ဆင့် ငွေကျပ် ၂၀၀၇၉၀၁၀/- ပေးသွင်းခြင်းတို့နှင့်စပ်လျဉ်း၍ နှစ်ဖက်အငြင်းမပွားပေ။

သို့ဖြစ်၍ ကုမ္ပဏီက ပေးပို့ထားသည့် ဆေးပစ္စည်းများ ငွေကျပ် ၇၈၇၆၁၆၅၀/- အနက်မှ အဆိုပါ ပြန်လည်အပ်နှံသည့်ဆေးပစ္စည်းများ၊ ရောင်းရငွေများကို ပေးသွင်းပြီး ငွေများနှင့် ရောင်းအားအပေါ် အကျိုးခံစားခွင့် ၂၃ % တို့ကို ခုနှိမ်ပါက တရားလိုကုမ္ပဏီမှရရန် ကျန်ငွေစုစုပေါင်းမှာ ငွေကျပ် ၁၅၁၁၃၁၀၀/- ဖြစ်ကြောင်း ဆုံးဖြတ်ခဲ့သည့် မူလခရိုင်တရားရုံးနှင့် ထိုသို့ကောက်ယူဆုံးဖြတ်ချက်အပေါ် အတည်ပြုခဲ့သည့် ရန်ကုန်တိုင်းဒေသကြီးတရားလွှတ်တော်တို့၏ စီရင်ချက်နှင့်ဒီကရီတို့သည် ဥပဒေအရ မှားယွင်းခြင်းမရှိပေ။

ထို့ကြောင့် ဤတရားမအယူခံမှုကို စရိတ်နှင့်တကွ ပလပ်သည်။

ရှေ့နေစရိတ် ကျပ် ၃၀၀၀၀/- သတ်မှတ်သည်။

( သာခွေး )

ပြည်ထောင်စုတရားလွှတ်တော်ချုပ်တရားသူကြီး